# Highlights from DVB Debate’s Scenarios After Elections Show

## 11 July 2015

## “What are the Scenarios after the Elections?”

“လက်ရှိအချိန်ထိ ခန့်မှန်းလို့ရတာက အခင်းအကျင်း ၃ ခု။ တခုက အန်အယ်လ်ဒီက အပြတ်အသတ်အနိုင်ရပြီး အစိုးရဖွဲ့နိုင်မယ့် အခြေအနေ၊ နောက်ဖြစ်နိုင်ခြေက အန်အယ်လ်ဒီနဲ့ပြည်ခိုင်ဖြိုးပါတီ ပူးပေါင်းပြီး အန်အယ်လ်ဒီက သူ့အစိုးရဖွဲ့နိုင်လောက်တဲ့ မဲအပြည့်အဝမရလို့ တွဲပြီး ပူးပေါင်းပြီး ဖွဲ့သွားမယ့် အစိုးရပေ့ါ။ နောက်တခုက အန်အယ်လ်ဒီကများ ၃၀-၃၅ %လောက်ပဲ မဲရမယ်ဆို…တပ်မတော် ၂၅%နဲ့ သိပ်မကွာဘူးလေ ဒါဆို တပ်နဲ့အခြားတိုင်းရင်းသားပါတီတချို့နဲ့ ပေါင်းပြီးဖွဲ့မယ့် အစိုးရမျိုးပေ့ါ။ တတိယမြောက် အခင်းအကျင်းမျိုးဆို  တပ်ကတင်မယ့်ကိုယ်စားလှယ်က ခေါင်းဆောင်ဖြစ်နိုင်ခြေများတယ်”

ဦးပိုက်တင် - နိုင်ငံရေးဆောင်းပါးရှင်

---

“ရွေးကောက်ပွဲ လွတ်လပ်ခဲ့မယ်ဆိုရင် ၂၀၁၅ အလွန် လွှတ်တော်အခင်းအကျင်းမှာ အတိုက်အခံတွေက နေရာအများစု ရကောင်းရလာလိမ့်မယ်။ ဒါပေမယ့် အတိုက်အခံအင်အားစုတွေဘက်က သမ္မတဖြစ်ဖို့ရာ စိန်ခေါ်မှုအများကြီး။ အတိုက်အခံတွေကလည်း သူ့အုပ်စုနဲ့သူ ဒီအချိန်ထိ ကွဲပြဲနေကြတုန်းပဲ။ ရွေးကောက်ပွဲမတိုင်ခင်မှာ အတိုက်အခံ ဒီမိုကရေစီအင်အားစု ခေါင်းဆောင်တွေက တကယ့်ကို ကျစ်လစ်သိပ်သည်းနိုင်မှာတဲ့ တပ်ပေါင်းစုတရပ်ဖွဲ့နိုင်ခဲ့မှသာ လာမယ့်အခင်းအကျင်းမှာ အတိုက်အခံဘက်က သမ္မတဖြစ်ဖို့ အခွင့်အလမ်းရှိတယ်”

နိုင်လယိတမ - အထွေအထွေအတွင်းရေးမှူး၊ မွန်မျိုးသားပါတီ

---

“နောင်တက်လာမယ့် အစိုးရသည် အတိတ်က အကျိုးစီးပွားကင်းတဲ့ အစိုးရမျိုးဖြစ်ရင် ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်ကြီးကြီးနဲ့ ပြတ်ပြတ်သားသား လုပ်နိုင်မယ်လို့မြင်တယ်။ ဒီလိုဖြစ်ဖို့ လွှတ်တော်ထဲ အခင်းအကျင်းက အနည်းဆုံး အမတ်ဦးရေပြောင်းသွားမယ်။”

ဒေါက်တာ သောင်းထွန်း - ငြိမ်းချမ်းရေးနှင့်လူမှုတရားမျှတမှုဖော်ဆောင်ရေးအဖွဲ့ အမှုဆောင်ဒါရိုက်တာ

---

“တိုင်းရင်းသားထဲက သမ္မဖြစ်နိုင်ဖို့ အနေအထားမှာ ပြည်သူ့လွှတ်တော်က ၁ ယောက်၊ အမျိုးသားလွှတ်တော်က ၁ ယောက်၊ စစ်တပ်က ၁ ယောက် ၃ ယောက် ရွေးချယ်တယ်။ ပြီးရင် ပြည်ထောင်စုလွှတ်တော်မှာ မဲခွဲဆုံးဖြတ်တယ်။ မဲခွဲတဲ့အခါ ၁ မဲစီသာယူသွားတယ်.. အမျိုးသားလွှတ်တော်ရဲ့

လူဦးရေက ၁၆၈ မဲပဲရှိတယ် (တပ်မတော်သား ၂၅ % မပါသေးဘူး)။ ဒီတော့ တိုင်းရင်းသားတွေထဲက ဘယ်သူမှ သမ္မတဖြစ်လာဖို့ အနေအထား မရှိဘူး”

မင်းဇေယျာဦး - မွန်အမျိုးသားပါတီ